ISP ကပြင်ရပ်ဝန်း

ISP ON POINT

အမှတ်-၁၆ ၊ ဇူလိုင် ၁၄ ရက်၊ ၂၀၂၃ ခုနှစ်

# ရှေ့တန်းပြန်ရောက်လာသော ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအခန်းကဏ္ဍနှင့် သတိပြုရမည့် နိုင်ငံရေးစတိုရီဇာတ်ကြောင်း



Photo: AFP

ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမုဒ်ဝိနိုင်း



Photo: AFP


ဒေါ်အောင်ဆန်းစုကြည်

## ဖြစ်ရပ်အချက်အလက်

နှစ်ရှည်ထောင်ချခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၂၃ ခုနှစ် ဇူလိုင် ၉ ရက်က နေပြည်တော်မှာ တွေ့ခွင့်ရခဲ့တယ်လို့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမုဒ်ဝိနိုင်း (Don Pramudwinai) က ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ စစ်ကောင်စီ ပြောခွင့်ရပုဂ္ဂိုလ်ကလည်း ဒီသတင်းမှန်ကန်ကြောင်း အတည်ပြုပါတယ်။ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမစခင် နှစ်ရက်အလိုမှာ ဒီလိုတွေ့ခွင့်ရတာဖြစ်ပြီး အာဏာသိမ်း နှစ်နှစ်ကျော်ကာလထဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပထမဆုံးတွေ့ခွင့်ရတဲ့ နိုင်ငံတကာသံတမန် တဦး ဖြစ်ခဲ့ပါတယ်။

## ■ ဒေါ်အောင်ဆန်းစုကြည် ဖမ်းဆီးခံထားရစဉ် တွေ့ခွင့်ရရန်ကြိုးပမ်းခဲ့သည့် နိုင်ငံတကာသံတမန်များ

(၁၉၈၉ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇူလိုင် ၁၄ ရက်အထိ)




၁၉၈၉ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။

၁၉၉၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ၁၄ ရက်အတွင်း လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ပါမောက္ခ ယိုဇိုယိုကိုတာ လာရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်မရခဲ့ပေ။

၁၉၉၃ ခုနှစ် ဩဂုတ်တွင် အမေရိကန်အောက်လွှတ်တော်အမတ် ဘီလ်ရစ်ချတ်ဆန် လာရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်မရခဲ့ပေ။

၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် အမေရိကန်အောက်လွှတ်တော်အမတ် ဘီလ်ရစ်ချတ်ဆန်၊ နယူးယောက်တိုင်းမ်သတင်းထောက် ဖီးလစ်ရှယ်နွန်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် ဂျေဟာမ်ရာဟင်မ်တို့ လာရောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရခဲ့သည်။

၁၉၉၅ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်ခဲ့သည်။

၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်တွင် ဖမ်းဆီးခံရပြီး နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံခဲ့ရသည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ်အတွင်း ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ရာဇာလီ အစ္စမေးလ်က **ခြောက်ကြိမ်ထက်မနည်း**၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ ပေါ်လို ဆယ်ဂျီယို ပင်ညဲ့ရိုးက **သုံးကြိမ်ထက်မနည်း** လာရောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်မရခဲ့ပေ။

၂၀၀၂ ခုနှစ် မေ ၆ ရက်တွင် နေအိမ်အကျယ်ချုပ်မှ ပြန်လွတ်ခဲ့သည်။

၂၀၀၃ ခုနှစ် မေ ၃၁ ရက် (ဒီပဲယင်း အရေးအခင်းဖြစ်ပြီး တရက်အကြာ)တွင် ဖမ်းဆီးခံခဲ့ရသည်။ ဇွန် ၂ ရက်တွင် အင်းစိန်ထောင်သို့ ပို့ခဲ့သည်။

၂၀၀၃ ခုနှစ် ဇွန် ၆ ရက်မှ ၁၀ ရက်အထိ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ရာဇာလီအစ္စမေးလ်လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရခဲ့သည်။

၂၀၀၃ ခုနှစ် နိုဝင်ဘာတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ရာဇာလီအစ္စမေးလ်လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရခဲ့သည်။


# ISP TIMELINE

ISP ကပြင်ရပ်ဝန်း

ဇူလိုင် ၁၄ ရက် ၊ ၂၀၂၃ ခုနှစ်

၂၀၀၃ ခုနှစ် မေ ၃၀ ရက် (ဒီပဲယင်း အရေးအခင်းဖြစ်ပြီး တရက်အကြာ) တွင် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးခဲ့သည်။ ဇွန် ၂ ရက်တွင် အင်းစိန်ထောင်သို့ ပို့ခဲ့ပြီး ဇွန် ၂၄ ရက်တွင် ရဲမွန်တပ်စခန်းသို့ ပြောင်းရွှေ့ထိန်းသိမ်းခဲ့သည်။ စက်တင်ဘာ ၂၇ ရက်တွင် စတုတ္ထအကြိမ် နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခဲ့သည်။ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ် မေလအထိ နေအိမ်အကျယ်ချုပ်သက်တမ်း အကြိမ်ကြိမ်တိုးခဲ့သည်။ ၂၀၀၉ ခုနှစ် မေ ၁၈ ရက်တွင် အမေရိကန်နိုင်ငံသား ဂျွန် ဝီလီယံ ယက်တော ဝင်ရောက်ခဲ့သည့်အမှုဖြင့် အင်းစိန်အထူးတရားရုံး၌ တရားစွဲခံရပြီး ၂၀၀၉ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ထောင်ဒဏ်သုံးနှစ် ချမှတ်ခံခဲ့ရသည်။ သို့သော် ထောင်ဒဏ်ကို ထက်ဝက်လျှော့ချလိုက်ပြီး ဆိုင်းငံ့ပြစ်ဒဏ်အဖြစ်ထားရှိကာ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလအထိ နေအိမ်အကျယ်ချုပ် ဆက်ထားခဲ့သည်။

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၁၃ ရက်တွင်
နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်ခဲ့သည်။




- ၂၀၀၆ ခုနှစ် မတ်တွင် မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဟာမစ်အယ်လ်ဘာလာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်မရခဲ့ပေ။
- ၂၀၀၆ ခုနှစ် မေနှင့် နိုဝင်ဘာတို့တွင် ကုလသမဂ္ဂ နိုင်ငံရေးဌာနမှ လက်ထောက် အထွေထွေအတွင်းရေးမှူးအဖြစ် အီဘရာဟင်ဂမ်ဘာရီ လာရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် **နှစ်ကြိမ်လုံး**တွေ့ခွင့်ရခဲ့သည်။
- ၂၀၀၇ ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာတွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အကြံပေး အီဘရာဟင်ဂမ်ဘာရီ လာရောက်ခဲ့သည်။ ထို**နှစ်ကြိမ်လုံး**တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရခဲ့သည်။
- ၂၀၀၈ ခုနှစ် မတ် ၆ ရက်မှ ၁၁ ရက်အထိ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အကြံပေး အီဘရာဟင် ဂမ်ဘာရီ လာရောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် **နှစ်ကြိမ်** တွေ့ခွင့်ရခဲ့သည်။
- ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် ကင်တားနား လာရောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ခွင့်မရခဲ့ပေ။
- ၂၀၀၉ ခုနှစ် ဇူလိုင်တွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း လာရောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရခဲ့ပေ။
- ၂၀၀၉ ခုနှစ် ဩဂုတ်တွင် အမေရိကန်ဆီနိတ်တာ ဂျင်ဝပ်ဘ် လာရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရခဲ့သည်။
- ၂၀၀၉ ခုနှစ် အောက်တိုဘာတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကိုယ်စားလှယ် ပေါ်လို ဆယ်ဂျီယို ပင်ညဲရိုးတို့ လာရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရခဲ့သည်။
- ၂၀၂၁ ခုနှစ် ဇွန် ၄ ရက်တွင် ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီး ဒါတိုအီရီဝမ်ယူဆော့ဖ် (အာဆီယံအထူးကိုယ်စားလှယ်) နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Lim Jock Hoi တို့လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရခဲ့ပေ။
- ၂၀၂၁ ခုနှစ် ဩဂုတ် ၂၁ မှ ၂၈ ရက်အထိ တရုတ် အာရှရေးရာ အထူးကိုယ်စားလှယ် ဆွန်းကော်ရှန် လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရခဲ့ပေ။
- ၂၀၂၁ ခုနှစ် အောက်တိုဘာတွင် အာဆီယံအထူးကိုယ်စားလှယ် လာရန်စီစဉ်ခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ခွင့် ငြင်းပယ်ခံရသောကြောင့် ခရီးစဉ်ပျက်ပြယ်ခဲ့သည်။
- ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၂ ရက်နှင့် ၁၅ ရက်တွင် ဂျပန် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဆာဆာကာဝါ လာခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရခဲ့ပေ။
- ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၇ ရက် မှ ၈ ရက်အထိ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ပရက်ဆုက်ခွန်း လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရခဲ့ပေ။
- ၂၀၂၂ ခုနှစ် မတ် ၂၁ ရက်နှင့် ၂၃ ရက်အထိ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ် မစ္စတာ ပရက်ဆုက်ခွန်း လာခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရခဲ့ပေ။
- ၂၀၂၂ ခုနှစ် ဇွန် ၂၉ နှင့် ၃၀ ရက်အထိ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ် မစ္စတာ ပရက်ဆုက်ခွန်း လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရခဲ့ပေ။
- ၂၀၂၂ ခုနှစ် ဩဂုတ် ၁၇ နှင့် ၁၈ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စ နိုလင်းဟေဇာ လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရခဲ့ပေ။
- ၂၀၂၃ ခုနှစ် ဧပြီ ၂၃ နှင့် ၂၄ ရက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်းလာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရခဲ့ပေ။
- ၂၀၂၃ ခုနှစ် ဇူလိုင် ၉ ရက်တွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန် ပရာမွတ်ဝီနိုင်းလာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရခဲ့သည်။



## တနှစ်အတွင်း ထောင်ဒဏ် ၃၃ နှစ် ချမှတ်ခဲ့

ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး အမှုပေါင်း ၁၂ မှုဖြင့် တရားစွဲဆိုခဲ့သည်။ ထို့နောက် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်အထိ တနှစ်ကျော်အတွင်း ထောင်ဒဏ် ၃၃ နှစ် ချမှတ်ခဲ့သည်။

- **ဒီဇင်ဘာ ၆၊ ၂၀၂၁** — လေးနှစ်ချမှတ် (နှစ်နှစ်ပြန်လျှော့)
- **ဇန်နဝါရီ ၁၀၊ ၂၀၂၂** — လေးနှစ်ချမှတ်
- **ဧပြီ ၂၇** — ငါးနှစ်ချမှတ်
- **ဇွန် ၂၃၊ ၂၀၂၂** — အကျယ်ချုပ်မှ အကျဉ်းထောင်သို့ပြောင်းရွှေ့
- **ဩဂုတ် ၁၅** — ခြောက်နှစ်ချမှတ်
- **စက်တင်ဘာ ၂** — သုံးနှစ်ချမှတ်
- **စက်တင်ဘာ ၁၂** — သုံးနှစ်ချမှတ်
- **အောက်တိုဘာ ၁၂** — သုံးနှစ်နှစ်မှု ခြောက်နှစ်ချမှတ် (သုံးနှစ်တပေါင်းတည်း)
- **ဒီဇင်ဘာ ၃၀** — ခုနှစ်နှစ်ချမှတ်

Graphic: AFP

## ကနဦးသုံးသပ်ချက်

ဒေါ်အောင်ဆန်းစုကြည် အကျဉ်းကျစဉ်ကာလတွေအတွင်း နိုင်ငံခြားသံတမန်တွေ၊ နိုင်ငံတကာအဖွဲ့အစည်း အထူးကိုယ်စားလှယ်တွေနဲ့ တွေ့ခွင့်ပြုတဲ့ စစ်ကောင်စီရဲ့နည်းနာဟာ အရင်စစ်အစိုးရအဆက်ဆက် ကျင့်သုံးခဲ့တဲ့ စာအုပ်ဟောင်းထဲက နည်းနာအတိုင်း လုပ်ခဲ့ပုံပါပဲ။ ၁၉၈၉ ခုနှစ်ကစပြီး ၂၀၂၃ ခုနှစ်အတွင်း ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ချထားတဲ့အချိန် ဒါမှမဟုတ် အကျဉ်းချထားချိန်တွေမှာ နိုင်ငံတကာသံတမန်တွေနဲ့ တွေ့ခွင့်ပြုခဲ့တာ **၁၂ ကြိမ်ထက်မနည်း** ရှိခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီတွေ့ဆုံမှုတွေကြောင့် မြန်မာ့နိုင်ငံရေးဟာ အကျပ်အတည်းကနေ ထွက်ပေါက် အလှည့်အပြောင်းကို မရှေးရှုစေခဲ့တာတော့ သတိပြုစရာပါ။ အခုလည်း နိုင်ငံတကာရဲ့ဖိအား လျော့စေဖို့နဲ့ နိုင်ငံတကာမှာ မြန်မာ့အရေးချဉ်းကပ်ပုံ သဘောထားတွေ ကွဲလွဲလာစေဖို့၊ ပြည်တွင်းအင်အားစုတွေအကြား အက်ကြောင်းထင်ကွဲပြဲစေဖို့ကို ရှေးရှုနိုင်ခြေပိုများပါတယ်။

အဲသလို ဖိအားလျော့ရေး၊ သွေးခွဲရေးဗျူဟာဟောင်းမှာ အရေးကြီးလှတဲ့ နိုင်ငံရေးစတိုရီဇာတ်ကြောင်းဖော်တာကိုတော့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်က စနစ်တကျ တည်ဆောက်ပေးနေပုံရပါတယ်။ ဒွန်ရဲ့အမြင်အရ မြန်မာနိုင်ငံမှာ ပဋိပက္ခနှစ်ခုရှိပါတယ်။ အရပ်ဘက်-စစ်ဘက်ဆက်ဆံရေးနဲ့ လက်နက်ကိုင်ပဋိပက္ခပါ။ သူဆိုတာက "လက်နက်ကိုင်တိုက်ခိုက်မှုတွေက မြန်မာနိုင်ငံ လွတ်လပ်ရေးရချိန် ၁၉၄၈ ခုနှစ်က စတင်ခဲ့ပြီး၊ နိုင်ငံရေးပဋိပက္ခကတော့ ၂၀၂၁ ခုနှစ် စစ်တပ်က အာဏာသိမ်းချိန်ကစလို့ စစ်ဘက်-အရပ်ဘက်ခေါင်းဆောင်တွေအကြား ညှိနှိုင်းမရတဲ့ နိုင်ငံရေး သဘောထားကွဲလွဲမှုတွေက ပေါ်ထွက်လာတာပါ"လို့ Matichon သတင်းဌာနရဲ့ထိုင်းဘာသာနဲ့ဖော်ပြချက်မှာ ဆိုထားပါတယ်။ ဒွန်က "ပဋိပက္ခနှစ်ခုကိုခွဲခြားမှသာ မြန်မာ့နိုင်ငံရေးပြဿနာကို ထိရောက်စွာ ဖြေရှင်းနိုင်မယ်"လို့ဆိုပါတယ်။ သူက "လက်ရှိ နိုင်ငံရေးပဋိပက္ခက အဓိကပဲ၊ ကျန် အကြောင်းအချက်တွေက ဒုတိယ"လို့ မြင်ပါတယ်။ အာဆီယံအဖွဲ့အနေနဲ့ ဒီနိုင်ငံရေးပဋိပက္ခကို ဖြေရှင်းဖို့အတွက် ယုံကြည်မှုတည်ဆောက်ရေးကို ဦးစားပေးဆောင်ရွက်သင့်တယ်လို့ ဒွန်ကအဆိုပြုကြောင်း မီဒီယာမှာဖော်ပြပါတယ်။ ဒီအချက်ဟာ မြန်မာ့အရေးအပေါ် ငြီးငွေ့နေတဲ့ အာဆီယံနိုင်ငံတချို့အတွက် စိတ်ဝင်စားဖွယ် နိုင်ငံရေးစတိုရီ ဖြစ်နိုင်ပါတယ်။ တရုတ်နိုင်ငံနဲ့အိန္ဒိယနိုင်ငံကလည်းဒါကိုထောက်ခံဖွယ်ရှိပါတယ်။အခြားတဖက်မှာလည်း မြန်မာ့အရင်းခံပြဿနာဟာ ပြည်ထောင်စုကြန်အင်လက္ခဏာ မတည်ဆောက်နိုင်ခဲ့တဲ့ ပြဿနာ (Nation-Building Failure) ဖြစ်တယ်လို့ စစ်အာဏာသိမ်းပြီးနောက်ပိုင်း (အထူးသဖြင့် အင်ဒိုနီးရှားက အာဆီယံဥက္ကဋ္ဌ တာဝန်ယူပြီးနောက်ပိုင်း) နိုင်ငံတကာမှာ ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာကြတာရှိပါတယ်။ ဒါကြောင့် ဒွန်အဆိုပြုတဲ့ စစ်ဘက်-

အရပ်ဘက် ပဋိပက္ခဖြေရှင်းရေးကို အရင်းခံပြဿနာ ရေသောက်မြစ်အကြောင်းတရားနဲ့ ချိတ်ဆက်မဆောင်ရွက်နိုင်ဘူးဆိုရင် မြန်မာ့နိုင်ငံရေးဟာ အဆိုးကျော့သံသရာကနေရုန်းထွက်ဖို့ခက်ပါလိမ့်မယ်။ လက်တွေ့အကောင်အထည်ဖော်ရာမှာလည်း အင်အားစုအားလုံး ပါဝင်ဆောင်ရွက်နိုင်မယ့် (All-Inclusiveness) အခင်းအကျင်းမျိုးကို အဓိပ္ပာယ်ဖွင့်ရာမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) နဲ့ တိုင်းရင်းသားနိုင်ငံရေးပါတီများ (EPPs) ကို အတူတကွပါဝင်စေပြီး တိုင်းရင်းသားတန်းတူရေးနဲ့ တရားမျှတမှုကို အခြေခံဖော်ဆောင်ပေးဖို့ လိုအပ်တယ်လို့ ISP-Myanmar က ရှုမြင်ထားပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးအခန်းကဏ္ဍဟာ ထောင်သွင်း အကျဉ်းချလိုက်ရုံနဲ့ ပျက်ပြယ်သွားမှာမဟုတ်ဘူးဆိုတာကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှာ ISP-Myanmar က ထုတ်ဝေခဲ့တဲ့ ကနဦးသုံးသပ်ချက် အမှတ်-၁ မှာ ရေးသားခဲ့ပြီးဖြစ်ပါတယ်။** ဒါပေမဲ့ လက်ရှိမြေပြင်ပေါ်ကအခင်းအကျင်းတွေဟာ ဒေါ်အောင်ဆန်းစုကြည်တဦးတည်းကို ဗဟိုပြုပြီး အဖြေရှာရုံနဲ့ မလုံလောက်တော့ပါဘူး။ စစ်ကောင်စီအပေါ် နာကြည်းခံစားရမှုတွေ မြင့်မားနေပြီး၊ စိတ်ဒဏ်ရာတွေနဲ့ ပြင်းထန်တဲ့ သဘောထားတင်းမာမှုတွေလည်း အရှိန်ရနေဆဲမို့ ဒီလို လူပုဂ္ဂိုလ်တဦးတည်းကို ဗဟိုပြုအဖြေရှာဖို့ အခြေအနေပေးမနေဘူးလို့ သုံးသပ်နိုင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်၌ကလည်း အရင် စစ်အစိုးရအဆက်ဆက်ကတည်းက နိုင်ငံခြားကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံမှုမှာ အသုံးချခံဖြစ်မယ့်အရေးကို ကျင်ကျင်လည်လည် ရှောင်ရှားခဲ့တာမျိုးတွေရှိပါတယ်။ စစ်အစိုးရတွေနဲ့ အင်အားအာဏာချိန်ခွင်လျှာ မညီတဲ့အတွက်သာ နိုင်ငံတကာနဲ့ သူ့အကြား တွေ့ဆုံမှုတွေကနေ နိုင်ငံရေးအလှည့်အပြောင်းကို မဖန်တီးနိုင်ခဲ့တာပဲဖြစ်ပါတယ်။ ပြဿမျှနု အဆင့်မျိုးတော့ မဖြစ်ခဲ့တာကို သတိပြုနိုင်ပါတယ်။

## ■ ဖြစ်တန်ခြေအကဲဖြတ်ချက်

ဘယ်လိုပဲဖြစ်ဖြစ် ဒေါ်အောင်ဆန်းစုကြည်ကို စစ်ကောင်စီက ပြန်ပွဲထုတ်လာတာကတော့ ဖိအားလျှော့ရေး၊ သွေးခွဲရေးဗျူဟာအောက်မှာ အာဆီယံအဖွဲ့ကြီးဟာ အမြင်ကွဲပြား ပိုလှုပ်ခတ်သွားဖွယ် ရှိပါတယ်။ ပြည်တွင်းမှာတော့ NUG၊ NLD၊ CRPH စတဲ့အဖွဲ့တွေအနေနဲ့ လူထုကို ဘယ်လို သဘောထားမက်ဆေ့ချ်ပေးမလဲ၊ တိုင်းရင်းသားလက်နက်ကိုင်မဟာမိတ်တွေနဲ့ ဘယ်လိုနားလည်မှုယူမလဲဆိုတာ စိန်ခေါ်မှုတရပ် ဖြစ်လာနိုင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတကာနဲ့ ပိုချိတ်ဆက်ထိတွေ့ပေးခြင်းအစ၊ နေအိမ်အကျယ်ချုပ်ပြန်ပို့တာ အလယ်၊ နှစ်မစေ့ခင် အချိန်အများကြီးစောပြီး ပြန်လွှတ်ပေးတာအဆုံး ဒါတွေမဖြစ်နိုင်ဘူးလို့ လုံးလုံးဘူးခံမရနိုင်တော့တဲ့ ဖြစ်တန်ခြေတရပ်ဖြစ်လာနေပါပြီ။ ■

www.ISPMyanmar.com/community

# Gabyin Community

## ISP ကပြင်ရပ်ဝန်း

Promoting Shared Reality, Appreciating Diversity, and Imagining Possibilities

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai 50202